


# စစ်အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့
# (တစတစပြုပြင်ပြောင်းလဲရေးလမ်းစဉ်နဲ့ သွားလို့ရမလား)

(၁) ၁၉၆၂ ခုနှစ် မတ်လမှာ တော်လှန်ရေးကောင်စီက ဆိုရှယ်လစ်ပန်းတိုင်သို့ ချီတက်မယ်လို့ ပြောတယ်။ ဧပြီလမှာ "မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်" ဆိုတာကို ထုတ်ပြန်တယ်။ ဗမာပြည်နိုင်ငံရေးလောကမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။ မြေပေါ်က တရားဝင်ပါတီတွေက အခြေခံအားဖြင့် လက်ခံကြိုဆိုကြတယ်။ ပမညတ ကတော့ တက်ကြွစွာကြိုဆိုထောက်ခံကြတယ်။

ဒီဂယက်က မြေအောက်က တရားမဝင်ပါတီဖြစ်တဲ့ 'ဗကပ' ကိုလည်း ရိုက်ခတ်ခဲ့ပါတယ်။ ၁၉၅၈ က ၁၉၆၀ အထိ အိမ်စောင့်အစိုးရခေတ်မှာ ဆိုရှယ်လစ်စစ်အုပ်စု ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီး၊ ဗိုလ်အောင်ရွှေတို့က KNU ကို ဆွဲထားပြီး ဗကပ ကို ဦးတည်ထိုးနှက်တဲ့ပေါ်လစီ လုပ်ထားလို့ ဗကပ ဟာ အတော်ကြီးချည့်နဲ့နေတယ်။ ၁၉၅၈ 'လက်နက်ချပွဲကြီး' များ ပြီးတဲ့နောက်မှာ ဗကပ ချေမှုန်းရေးကိုလုပ်တာ ခံထားရလို့ပဲ။ ၁၉၆၀ ခုနှစ်များမှာမှ ပြန်ပြီးနာလန်ထူတာ ဖြစ်တယ်။ အဲဒီလိုအခြေအနေမှာ 'ပမညတ' က 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်' ကို တက်ကြွစွာထောက်ခံ ကြိုဆိုလိုက်တာဖြစ်လို့ ဗကပ တွင်းမှာ အတွေးအခေါ် ရှုပ်ထွေးတယ်။

ရဲဘော်တချို့က အခုလို စစ်တမ်းရေးပြီး တင်ပြလာတယ်။

- တော်လှန်ရေးကောင်စီဝင်အားလုံးဟာ ခနရှင်ပေါက်စပညာတတ်ဗိဇ ရှိသူတွေချည်း ဖြစ်ကြတယ်။
- စစ်ကြီးအတွင်းက တော်လှန်ရေးသမားများလည်း ဖြစ်ကြတယ်။
- 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်' မှာ ချို့ယွင်းချက်တွေ ရှိပေမယ့် 'ဆိုရှယ်လစ်တော်လှန်ရေး' ကိုလုပ်ဖို့ စိတ်ဆန္ဒရှိတာကို အသိအမှတ်ပြုရမယ်။
- 'ကျွန်ုပ်တို့၏ ယုံကြည်ချက်' ဟာ သဘောရိုးနဲ့ ထုတ်ပြန်တာ ဖြစ်တယ်။ ဒါကြောင့် (၁) သူတို့ကို အားပေးရမယ်။ (၂) မလုပ်တတ်မကိုင်တတ်ဖြစ်နေတာကို လုပ်တတ်ကိုင်တတ်အောင် ကူညီရမယ်လို့ တင်ပြလာတယ်။

ဗိုလ်သောင်းကြည်၊ ဗိုလ်တင်စိုးတို့ကလည်း 'မ ၃ လုံး' လက်နက်ချအုပ်စုဝင်တွေကို 'ကျွန်တော်တို့က တောင်သူလယ်သမားရေးရာ ဘာမှလေ့လာထားတာ၊ သိတာ မဟုတ်ဘူး။ ခင်ဗျားတို့က လေ့လာထားတယ်။ ကျွမ်းကျင်တယ်။ ဒါကြောင့် ကူညီပါ။ ဝိုင်းဝန်းလုပ်ပေးကြပါ' လို့ပြောပြီး ဆွဲဆောင်တယ်။ 'အုန်းတော လယ်သမားနီးနှောပွဲ' ဆိုတာမှာ တက်ပြီးပြောခွင့်ရသူတွေဟာ သူတို့ပဲ။ သောင်းကြည်၊ တင်စိုးတို့က 'လယ်လုပ်သူ လယ်ပိုင်ရေး' ပဲ လုပ်တော့မလိုလိုပြောပြီး ဆွဲဆောင်တယ်။

အဲဒီလိုအခြေအနေမှာ တောထဲက 'ဗကပ' ရဲဘော်တချို့ ဇဝေဇဝါဖြစ်ကြတာပါ။ မဆန်းပါဘူး။ တဖက်ကလည်း ၁၉၅၈ – ၆၀ မှာ ရက်ရက်စက်စက် လုပ်ထားတာကရှိတော့ သူတို့စစ်အုပ်စုအပေါ် ပစ်ပြီး မယုံကြည်နိုင်ဘူး။ ဒါကြောင့်လည်း အတွေးအခေါ်ရှုပ်ထွေးတာပဲ။

အဲဒီလို အတွေးအခေါ်ရှုပ်ထွေးနေတာကို ရှင်းပေးလိုက်တာက '၇ ရက် ဇူလိုင်' ပဲ။ အတွေးအခေါ် ရှင်းသွားရုံမကဘူး တော်လှန်ရေးကောင်စီဟာ ဟစ်တလာ၊ မူဆိုလိုနီတို့ရဲ့ နာဇီဖက်ဆစ်တွေပဲအထိ ဖြစ်သွားတယ်။ လက်ယာသွေဖီရေးက လက်ဝဲသွေဖီရေးသို့ ခုန်ကူးသွားပြန်တယ်။ အဲဒီနောက်တော့ ဗကပ ထဲမှာ အတွေးအခေါ်ရှုပ်ထွေးမှု မရှိတော့ဘူး။ အတွေးအခေါ်ရှုပ်ထွေးစဉ်က ဘက်ပြောင်းသွားသူတွေလည်း အားလုံး သွားကုန်ကြပြီပဲ။ မကျန်တော့ပါဘူး။

(၂) မဆလ ပါတီလည်း စည်းမျဉ်းဥပဒေနဲ့ဘာနဲ့ အတည်တကျပေါ်လာတယ်။ အဲဒီ မဆလ ပါတီထဲမှာ 'လက်နက်ချ ကွန်မြူနစ်' တွေကို သိပ်အရေးမပါတဲ့ နေရာတွေ ကိုင်ခိုင်းပြီး ဗဟိုကော်မတီတွေဘာတွေ ပေးတယ်။ မြို့နယ်ယူနစ်တွေမှာလည်း ခန့်ထားတာတွေ လုပ်တယ်။

သူတို့တတွေကပဲ 'စစ်အာဏာရှင်စနစ်ကို တစတစနဲ့ ပြုပြင်ပြောင်းလဲသွားအောင်လုပ်ရေး၊ ဆိုရှယ်လစ် တည်ဆောက်ရေးလမ်းစဉ်မှန် ဖော်ထုတ်ရေး၊ စစ်အာဏာရှင်စနစ်ကို စစ်မှန်တဲ့ဆိုရှယ်လစ်စနစ်နဲ့ အစားထိုးရေး' ကို စပြောတာပဲ။ (ဗကပ ထဲမှာ ပေါ်တာမဟုတ်။ ဗကပ လက်နက်ချတွေထဲမှာပေါ်တဲ့ အတွေးအခေါ်ပဲ။)

သူတို့တတွေက မဆလ ထဲမှာ တော်တော်ကလေး လှုပ်ရှားပါတယ်။ တဖက်ကလည်း တောတွင်း 'ဗကပ' ကို နားချကြတယ်။ 'တစတစပြုပြင်ပြောင်းလဲရေး' ကို ရှေ့နေလိုက်ကြတယ်။

ဒါပေမဲ့ သူတို့ရဲ့စိတ်ကူးယဉ်အိပ်မက်ဟာ ၁၉၇၇ မှာ လုံးဝပြိုကွဲသွားတယ်။ ‘မဆလ တတိယညီလာခံ’ မှာ သူတို့အားလုံးကို ကျက်သရေမဲ့စွာ ကန်ထုတ်တာ ခံလိုက်ရတယ်။ သူတို့သာ မကဘူး။ ဗကပ နဲ့ ဘာမှ မသက်ဆိုင်တဲ့ စစ်ဗိုလ်ကြီးတွေပါ ကန်ထုတ်ခံရတာ ဖြစ်တယ်။ တကယ်ဖြစ်တာကလည်း စစ်ဗိုလ်ကြီးတွေထဲက ဂိုဏ်း (၂) ဂိုဏ်း တိုက်ပွဲပါ။ ၁၉၆၂ ခုနှစ်ပိုင်းက ဖြစ်ခဲ့တဲ့ ဗိုလ်တင်ဖေရဲ့ စစ်ထောက်ချုပ် **QMG** ဂိုဏ်းနဲ့ ဗိုလ်အောင်ကြီးရဲ့ **BEDC** ဂိုဏ်းရဲ့ အာဏာလုပွဲမျိုးပါပဲ။ ဒီတခါမှာလည်း နေဝင်းက ဗိုလ်စန်းယုကိုတော့ ကန်မထုတ်ပါဘူး။ တခြား စစ်ဗိုလ်ကြီးတွေတော့ ကန်ထုတ်ပါတယ်။ ဒါက ‘နေဝင်းလုပ်ဟန်’ ပါ။ (ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ရွှေတို့ကို ကန်ထုတ်တုန်းက ဗိုလ်အောင်ကြီးကို ချန်ထားတာမျိုးကို ‘နေဝင်းလုပ်ဟန်’ လို့သုံးတာ ဖြစ်တယ်။)

ကန်ထုတ်ပုံက မဆလ ပါတီစည်းမျဉ်းဥပဒေအရ လုပ်တာလည်း မဟုတ်ပါဘူး။ ‘စည်းမျဉ်းဥပဒေ’ မှာ အဲဒီလိုလုပ်ခွင့် ပေးထားတဲ့ပုဒ်မ တခုမှ ပါမနေပါဘူး။ ထောက်လှမ်းရေးအကြီးအကဲက မဆလ ညီလာခံက မဲပေးပြီး တရားဝင်တင်မြှောက်ထားတဲ့ ဗဟိုကော်မတီတွေကို ဖြုတ်ပစ်နိုင်တယ်ဆိုတဲ့ပုဒ်မ မပါခဲ့ပါဘူး။ နေဝင်းနဲ့တင်ဦးရဲ့ “ပါတီတွင်း အာဏာသိမ်းပွဲ” ပဲ ဖြစ်ပါတယ်။

(၃) အခုလည်း ‘၂၀၀၈ အခြေခံဥပဒေ’ ကို လက်ခံလိုက်၊ ‘၂၀၁၀ ရွေးကောက်ပွဲ’ ကို ဝင်ကြဆိုတဲ့ ပုဂ္ဂိုလ်တွေ ပေါ်နေပါတယ်။ သူတို့ကလည်း ‘တစတစပြုပြင်ပြောင်းလဲရေးလမ်းစဉ်’ ကို တင်ပြနေကြတာပါ။ အဲဒီလို တင်ပြသူတွေထဲမှာ ‘ဗကပ ပျက်’ တချို့ ပါတယ်။ သူတို့က သိုင်းသိုင်းဝိုင်းဝိုင်း ရေးတတ်တယ်။ ပြောတတ်တယ်။

တယောက်က ‘ဖြစ်နိုင်တာကိုလုပ်မှ အနုပညာမြောက်တဲ့နိုင်ငံရေး’ ‘အိုင်ဒီယိုလိုဂျီနဲ့ သမိုင်းမပါတဲ့ နိုင်ငံရေးပုံသဏ္ဌာန်ကို မျှော်မှန်း မှန်းဆကြည့်ဖို့သာ ရှိသည်’ တို့ ရေးတယ်။ သူက စစ်နဲ့တော်လှန်ရေးကို ဖြတ်သန်းဖူးသူ။ စစ်အုပ်စုအဆက်ဆက်နဲ့ ဆက်ဆံဖူးသူဖြစ်လို့တကြောင်း၊ ဒွဲဒိုး (တည့်တိုး) ကြီး ‘လက်နက်နဲ့ ဒီမိုကရေစီလဲရေး’ ပြောခဲ့ဖူးလို့တကြောင်း ‘ပညာရှိများ သိကြပါတယ်’ ဆိုတဲ့ ရေးနည်းပဲ ရေးတယ်။ (သူရေးတာကို မသိရင် ပညာမရှိလို့ပဲ။ ပညာရှိမှ သူရေးတဲ့ အဓိပ္ပာယ်ကို သိသူဖြစ်မယ်ဆိုတဲ့ ရေးနည်းကို ဆိုလိုပါတယ်) ‘ဒဏ်ရာဒဏ်ချက်တွေ ရထားဖူးတဲ့ ကျွဲအိုနွားအိုနည်း’ လို့ ပြောရင်လည်း ရပါတယ်။ ဆုတ်သာ တက်သာ ရေးတယ်လို့ ဆိုလိုတာပါ။ သူ တခုခုတင်ပြပြီးရင် ‘ထင်သည်’ ‘မဖြစ်အပ်’ ‘မျှော်မှန်း မှန်းဆကြည့်ဖို့သာ ရှိသည်’ ‘ချိန်ရမည်’ ဆိုတာတွေနဲ့ပိတ်လေ့ ရှိတယ်။ အသက်ကလည်းကြီး၊ သေခါလည်းနီး၊ တော်ကောက်ခံရဖို့ကလည်း မမျှော်မှန်းနိုင်တော့လို့ ဒီရေးနည်းရေးတာ ဖြစ်နိုင်တယ်။

လူရွယ်ကတော့ တော်ကောက်ခံရဖူးတာ မရှိသေးဘူး။ မျက်စိကျသွားရင် ဟိုတုန်းက ဦးဘငြိမ်တို့လို ‘မင်းဆရာ’ ဖြစ်ချင်ဖြစ်နိုင်သေးတယ်ဆိုတဲ့ စိတ်ကူးနဲ့ ရေးတာဖြစ်လို့ ရေးနည်းက ကြမ်းတယ်။ ‘အမူး မပြေကြသေးဘူး’ တို့၊ ‘မာ့က်စ်ဝါဒခေတ်ကုန်ပြီ’တို့၊ ‘ဘရောက်ဒါဝါဒနဲ့ လွတ်လပ်ရေးရခဲ့တာ’ တို့ ရေးတယ်။

လူငယ် – သူကတော့ မြင်းထိန်းတောလို လူစားပါ။ ဆရာကြီး၊ ဆရာငယ်တွေရေးတာ မှန်လိုက်လေလောက်ပဲ ရေးတတ်တယ်။ သူတို့တတွေ ရေးတာကိုကြည့်ရင် **NLD** ကို ‘တစတစပြုပြင်ပြောင်းလဲရေးလမ်းစဉ်’ အတိုင်းလိုက်ဖို့ ဗကပ ရဲ့ ‘ပြတ်သားတဲ့ရယ်ဒီကယ် ဒီမိုကရေစီလမ်းစဉ်’ မလိုက်မိစေဖို့ပဲ ရေးကြတာပါ။

(၄) လက်တွေ့စဉ်းစားကြည့်စေချင်တာက ‘၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ’ မှာ ဘယ်လိုရေးထားသလဲ ဆိုတာကို ကြည့်ဖို့ပါ။ အခန်း (၁၀) နိုင်ငံရေးပါတီများ

အခန်း (၁၁) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ

အခန်း(၁၂) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းက ဆိုထားတာတွေကို အထူးပြုပြီး လေ့လာကြည့်ဖို့ပါ။ တဆက်တည်းမှာ အခန်း (၅) အုပ်ချုပ်ရေးထဲက အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ ဘယ်သူတွေနဲ့ ဖွဲ့မလဲဆိုတာကို ကြည့်စေချင်ပါတယ်။

အခြေခံဥပဒေကို ရေပက်မဝင်အောင် ရေးထားပါတယ်။ နေဝင်းက တင်ဦးကိုအပ်ပြီး မဆလ ထဲမှာ ရှင်းပေးဖို့ လုပ်ရတာမျိုး မဖြစ်အောင် ရေးထားတာ တွေ့ရပါလိမ့်မယ်။

ဟိုတုန်းကတော့ စစ်အုပ်စုက အတွေ့အကြုံ မရှိသေးဘူး။ တခြားပါတီတွေအားလုံး ဖျက်သိမ်း၊ မဆလ တပါတီတည်းပဲ ထားလိုက်ရင် စစ်အာဏာရှင်စနစ် ထာဝစဉ်တည်မြဲရောလို့ နေဝင်း ထင်ခဲ့တယ်။ ဒါပေမဲ့ ‘တစတစ ပြုပြင်ပြောင်းလဲရေး’ လုပ်ချင်သူက မဆလ ပါတီထဲမှာ ပေါ်နေတော့ ပြဿနာတက်ကုန်ပြီး ကျော်မကောင်း ကြားမကောင်း ဖြစ်ကုန်ရတာပဲ။ (သခင်တင်မြက အဲဒီကိစ္စကို အတော်ထဲထဲဝင်ဝင် သိပါတယ်။ အခုတော့ မှောက်ထေအုပ်ထေ လုပ်နေတယ်။ ဗကပ အကြောင်းရေးတာ လက်သွက်သလောက် မဆလ အကြောင်း

ရေးတာက တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေတယ်။ သူလည်း ဒဏ်ရာဒဏ်ချက်ရထားတဲ့ ကျွဲအိုနွားအိုကျင့်စဉ် လိုက်နေပုံ ရတယ်။)

(၅) ဗကပ နဲ့ ဘာမှမပတ်သက်ဖူးတဲ့ 'တစတစပြုပြင်ပြောင်းလဲရေးလမ်းစဉ်' ကို ရှေ့နေလိုက်နေသူတွေလည်း ရှိတယ်။ ပြည်ပမှာရော၊ ပြည်တွင်းမှာပါ ရှိတယ်။ သူတို့ကတော့ မျက်စိကန်း တစ္ဆေမကြောက်ရေးနည်း ရေးကြတယ်။ ဗကပ ပျက်တွေရဲ့ အတွေးအခေါ်ကိုလည်း လက်ခံကြတယ်။ သူတို့က '၂၀၁၀ ရွေးကောက်ပွဲ' ပြီးလို့ နောက်ထပ် ရွေးကောက်ပွဲ (၂) ချီ (၃) ချီလောက် လုပ်ပြီးရင် ဒီမိုကရေစီစနစ် ရမှာလိုလိုရေးတာ တွေ့ရတယ်။ ပြည်တော်ပြန်လှအောင်ပဲဖြစ်ဖြစ်၊ ပြည်တွင်းဝင်လိုက်ထွက်လိုက် လုပ်နိုင်အောင်ပဲဖြစ်ဖြစ် ပြောတာရေးတာဆိုရင် ခွင့်လွှတ်ပါတယ်။

ဒါပေမဲ့ မီးနဲ့မကစားပါနဲ့လို့တော့ သတိပေးချင်ပါတယ်။

(၆) နောက်တမျိုးက မီဒီယာနိုင်ငံရေးသမားတွေ။ သူတို့ကလည်း တစတစပြုပြင်ပြောင်းလဲရေးကို ရှေ့နေလိုက်တဲ့လေသံ လွှင့်ကြတယ်။ ဘယ်တိုင်းပြည်က ဘယ်ပါမောက္ခကြီးကတော့ ဘယ်လိုပြောတယ်ဆိုပြီး နိုင်ငံရေးရှေ့ဆောင်လမ်းပြ လုပ်ကြတယ်။ အမေရိကန်အုပ်ချုပ်ရေးက ဗမာပြည်ပေါ်လစီ အပြောင်းအလဲလုပ်တော့မှာနဲ့ လိုက်လျောညီထွေ လုပ်နေကြပုံ ပေါ်ပါတယ်။ နိုင်ငံကြီးတွေရဲ့ နိုင်ငံခြားရေးပေါ်လစီနောက်ကို တကောက်ကောက်လိုက်နေလို့ကတော့ ဘာမှဖြစ်မလာဘူးဆိုတာလောက်ပဲ ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က ဗမာပြည်ရဲ့ နိုင်ငံရေးမှာ ဘယ်ပါတီကိုမှ ကိုယ်စားပြုနေကြတာ မဟုတ်လို့ပဲ။

၃၁ – ၈ – ၂၀၀၉

www.cpburma.org